# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး(၂)(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၅၀)နေရာများအတွက် လျှောက်လွှာ နောက်ဆုံးလက်ခံမည့်ရက်အား ၃-၂-၂၀၂၅ ရက်အထိ တိုးမြှင့်သတ်မှတ်လိုက်သည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တွင် ကနဦးလစာ ကျပ်၂၁၆၀၀၀/-ဖြင့်စတင်ခန့်ထားပါမည်။ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသရုံးများ)တွင် တာဝန် ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများဖြစ်ရပါမည်-

(၁) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)

(၂) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ (Economics)

(၃) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)B.Econ(Statistics)

(၄) စာရင်းကိုင်ပညာဘွဲ့(B.Act)

(၅) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)

(၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)

(၇) လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (B.BSc) (Social Enterprises Management)

(၈) ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာဘွဲ့(B.BSc)(Regional Development)

(၉) စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာဘွဲ့(B.BSc)(Accounting & Finance)

(၁၀) ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာဘွဲ့(B.BSc)(Marketing Management)

(၁၁) အသုံးချစာရင်းအင်းပညာဘွဲ့(B.BSc)(Applied Statistics)

(၁၂) စီးပွားရေးရာစီမံခန့်ခွဲမှုဘွဲ့(B.B.M)

(၁၃) B.A (English for Professional Purposes)

(၁၄) လူဦးရေပညာဘွဲ့ (B.P.S)

(၁၅) ဖွံ့ဖြိုးရေးပညာဘွဲ့(B.Dev.S)

(၁၆) စီးပွားရေးသိပ္ပံဘွဲ့(B.B.Sc)

(၁၇) ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ) B.A(BS)

(၁၈) ဝိဇ္ဇာဘွဲ့(စီးပွားရေးပညာ) B.A(Eco)

(၁၉) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)

(၂၀) ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)

(၂၁) သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) B.Sc (Computer Science)

(၂၂) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)

(၂၃) သင်္ချာဘွဲ့ B.Sc (Maths)

(၂၄) တက္ကသိုလ်တစ်ခုခုမှ ရရှိထားသည့်ဘွဲ့နှင့် CPA

(၂၅) တက္ကသိုလ်တစ်ခုခုမှ ရရှိထားသည့်ဘွဲ့နှင့် LCCI (Level-3)

(၂၆) တက္ကသိုလ်တစ်ခုခုမှ ရရှိထားသည့်ဘွဲ့နှင့် စီးပွားရေးဒီပလိုမာဘွဲ့ရရှိသူများ

(ဂ) ပြင်ပမှဝင်ရောက်ဖြေဆိုသူများအနေဖြင့် ၃-၂-၂၀၂၅ ရက်တွင် အသက် (၂၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃-၂-၂၀၂၅ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့်လျှောက်ထား ရမည်။)

(င) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဌာနတွင်းသတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီပါက ဝင်ရောက်လျှောက်ထားနိုင်ပါသည်။

(စ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပစ်ခြင်း(Removal) ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။

(ဆ) ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့်စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများတွင် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ ကျွမ်းကျင်မှုစစ်ဆေးခြင်းကို ထပ်မံဖြေဆိုရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ငွေကျပ် ၁၀၀၀/- ပေးသွင်းရမည်ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၃။ ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ "၁။ပစ္စည်းများရောင်းချ ရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၂။ဆောင်ရွက်ပေးမှုအတွက်ရငွေများ"ဖြင့် ပေးသွင်းရ မည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှ ပေးသွင်းသူများသည် Fax- ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၇။ လျှောက်လွှာတွင်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်(အသက်)

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်

(စ) ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းရှိ/ မရှိ၊ ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့်အကြောင်း

(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အလုပ်အကိုင်နှင့်ဌာန

(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ

(ဈ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ်

(ည) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲပါရှိရမည်-

(က) ဝင်ကြေးပေးသွင်းသည့်ချလန်(မူရင်း)

(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(င) ပတ်စ်ပို့အရွယ်ဓာတ်ပုံ၄ပုံ

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဆ) ယခင်ကဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက သက်ဆိုင်ရာဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်

(ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ည) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၆)လအတွင်း ရယူထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း

(ဋ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၉။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ website www.mopf.gov.mmတွင်ရယူလျှောက်ထားနိုင်ပါသည်။

၁၀။ လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့ လိပ်မူ၍ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ မှတ်ပုံတင်စာပြုလုပ်၍လည်းကောင်း ၃-၂-၂၀၂၅ ရက်နောက်ဆုံးထား၍ လျှောက်ထားရန် ဖြစ်ပါသည်။

၁၁။ ဝန်ထမ်းများသည် ဌာနအကြီးအကဲခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၁၀-၂-၂၀၂၅ ရက် နောက်ဆုံးထား၍ အရောက် ပေးပို့ပါရန်၊ လျှောက်လွှာမိတ္တူတစ်စောင်ကို ၃-၂-၂၀၂၅ ရက် နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာ ဌာနစု၊ တယ်လီဖုန်းအမှတ်(၀၆၇-၃၄၁၀၅၃၁)သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။